ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (29-10-2007) (၅၄၈၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တူရကီသမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရီဆက်တေယစ်အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ မှန်မြတ်မှန်ကန်သော စေတနာ

၁၉၈၈ မတိုင်မီက အထင်ကရမြစ်ကူးတံတားကြီး နှစ်စင်းသာ ရှိခဲ့၏။ ထိုတံတားတို့မှာ ဧရာဝတီမြစ်ကူး(စစ်ကိုင်း) တံတားနှင့် စစ်တောင်းမြစ်ကူး (စစ်တောင်း) တံတားတို့ဖြစ်သည်။ တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ပြီးသည့် နောက်ပိုင်းတွင် တံတားကြီးငယ်ပေါင်း မြောက်မြားစွာကို တည်ဆောက်ပေးခဲ့ပြီး ယခု ၂၂၈ စင်းမြောက် ဒဂုံတံတားသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ဤသည်ကို ကြည့်ရှုံမှုနှင့်ပင် နိုင်ငံတော်အစိုးရ၏ မှန်မြတ်မှန်ကန်သော စေတနာကို နားလည်နိုင်ပေသည်။

သောင်းဝင်းဗိုလ်၏ **"မှန်မြတ်သော စေတနာ၊ ကြီးမားသောတန်ဖိုးနှင့် မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်မှုများဖြင့် ဒဂုံတံတားကြီးဖွင့်လှစ်"**

(ဆောင်းပါး) စာမျက်နှာ– ၈၊၉၊၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက်ဆောလျင်စွာပြီးစီးရေး မှာကြား

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်ထားသည့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရဲရွာရေအားလျှပ်စစ် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု၊ RCC ပင်မတမံ ကွန်ကရစ်လုပ်ငန်း အဆင့်(၈)၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉–၁၀–၂၀၀၇
(တနင်္လာနေ့)

ပဲခူးမြစ်ကူး ဒဂုံတံတားသစ် ဖွင့်လှစ်

ကုန်စည်ပို့ဆောင်မှုသွက်လက်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ပဲခူးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ပေ ၄၅၄၀ ရှိ ဒဂုံတံတားသစ်ကြီးကို အောက်တိုဘာလ ၂၇ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ခံနိုင်ဝန်အား ၇၅ တန်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၇၂ပေရှိ ခြောက်လမ်းသွားပါလမ်းမ ကြီးဖြစ်သည်။

ရန်ကုန်မြို့သည် လူဦးရေ၏သန်းကျော် နေထိုင်သည့် စီးပွားရေးမြို့တော်ဖြစ်ရာ စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများစွာ လုပ်ကိုင်လျက်ရှိသည်။ ဒဂုံတံတားသစ်ကို ဖွင့်လှစ်လိုက်သည့်အတွက် ရန်ကုန်ဘက်ကမ်းရှိ တောင်ဒဂုံစက်မှုဇုန်၊ လှိုင်သာယာစက်မှုမြို့၊ သာကေတအပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာဆိပ်ကမ်းတို့နှင့် သန်လျင်ဘက်ခြမ်းရှိ သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့အကြား ကုန်စည်ပို့ဆောင် ဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်သည်။

ထို့အပြင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များနှင့် ပဲခူးတိုင်းအတွင်းရှိ သနပ္ပင်၊ ကဝမြို့နယ်တို့မှ ပြည်သူများ လွယ်ကူစွာကူးသန်းဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။ ဒေသထွက် စပါး၊ ပဲအမျိုးမျိုးနှင့် သားငါး စသည့် ကုန်စည်များ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ပြီး ကူးသန်းရောင်းဝယ်မှု ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်းအတွင်း ဒဂုံတံတားသစ်ကြီးအပါအဝင် ပေ ၁၈၀ နှင့်အထက်ရှိ တံတား ၃၁ စင်းနှင့်တံတားငယ်များစွာကို တည်ဆောက်ပေးထားပြီးဖြစ်သည်။ မဟာဗန္ဓုလ၊ သန်လျင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ၊ ပန်းလှိုင်၊ တွံတေးစသည့် တံတားကြီးများ၏ အကျိုးပြုမှုကြောင့် မြစ်တစ်ဖက်ကမ်းရှိ မြို့နယ်များနှင့် ကျေးလက်ပြည်သူများ ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာကာ စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ခြင်းသည် ကုန်စည်စီးဆင်းမှုကို သွက်လက်မြန်ဆန်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြုသည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလမ်းပေါင်းများစွာကို လက်ယှက်ထိုးဖောက်လုပ်ရင်း တံတားပေါင်းများစွာကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ယခုအခါ လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်နှင့် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၂၂၈ စင်းတို့ကို ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မျက်မှောက်အခြေအနေတွင် နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊နည်းပညာစွမ်းအားတို့ဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအပါအဝင် အခြေခံကောင်းများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသား ပြည်သူများအားလုံးက တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ် အသီးအပွင့်များကို ပိုမိုရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဆဋ္ဌ သင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်ရန်အတွက် ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်(၆)ရပ်ကွက် အောင်သုခလမ်းနေ ကိုအေးမြတ်ထွန်း – မချောဝေဖြိုး၊သမီး မခိုင်သဇင်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀လှူဒါန်းရာ ဂေါပက အဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးစောကြိုင်တို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၀၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မေခခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍၂၀၀၇ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချရန် လျာထားမှုများကို ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ ဆပ်ကော်မတီ အတွင်းရေးမှူးများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၀၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် လုံခြုံရေး၊ ပြန်ကြားရေး၊ ဘဏ္ဍာရေး၊ စီမံရေးရာ ဆပ်ကော်မတီများက လည်းကောင်း၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ခန်းမတို့၌လည်းကောင်း ခင်းကျင်းပြသရောင်းချသွားရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီ နာယက၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၇ ခုနှစ် နှစ်လယ်ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရောင်းချပွဲကို ယခင်ပြပွဲများနည်းတူ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေး အတွက်ဗဟိုကော်မတီဝင်များက ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြပွဲဗဟိုကော်မတီ နာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ အဝင်ပေါက်ရှိ ပထမထပ်၌ ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းတုံးများ၊ ကျောက်စိမ်းအိပ်ရာခင်းနှင့် ကျောက်စိမ်းထိုင်ခုံကိုလည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းတုံးများနှင့်ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားသည်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းတုံးများနှင့် ကျောက်စိမ်းအရိုင်းတုံးများကို ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျင်ခင် နှစ်နှစ်ပြည့်အား ရည်စူး၍ ဖျာပုံမြို့ (၂)ရပ်ကွက်၊ ရှင်ရဲထွင့်လမ်းနေ ကိုကျော်မင်းခိုင်–မပေါက်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့–အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်(မြောက်)ဗဟိုလမ်းနေ ဗိုလ်ကြီးအေးသန်း(ငြိမ်း)–ဒေါ်မြမြထွန်းကျောင်းဆရာမ(ငြိမ်း)တို့၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့်သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)

ကျောင်းသားဟောင်းများဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၇၄–၇၈ ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဘုံကထိန်အလှူပွဲကို နိုဝင်ဘာ ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးထောင်ဘိုလမ်း၊ ရွှေတိဂုံဘုရားတောင်ဘက် မုခ်အနီးရှိ ရဲဓမ္မာရုံဝင်းအတွင်း ယသဖေယျာရုံ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပဒေသာပင်ပစ္စည်းနှင့်အလှူငွေများကို ကိုလင်းကြည် ဖုန်း–၂၉၄၄၂၂၊ ကိုတင်လတ် ဖုန်း–၀၉၅၀၂၃၀၃၀၊ ကိုမင်းသန်းဌေး ဖုန်း–၅၃၄၅၄၉၊ ကိုခင်မောင်မြင့် ဖုန်း–၀၉ ၂၀ ၁၆၁၉၄၊ ကိုအောင်မြင့်ဦး ဖုန်း–၀၉၅၁၁၆၈၈၂၊ မစန်းစန်းဝင်း ဖုန်း–၅၁၀၃၅၀၊ မကြူကြူဝင်း ဖုန်း–၀၉၅၁၃၉၉၇၀၊ မလဲ့လဲ့ဝင်း ဖုန်း–၂၂၈၃၅၉ နှင့်မစမ်းစမ်းအေး ဖုန်း–၅၄၈၆၆၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

“အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇”

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက် (စနေနေ့) (ပထမအကြိမ်)

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)

အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

✻ ရှေ့ဖုံးမှ

ပြီးစီးနေမှုနှင့် အဆင့်(၁၁) ကွန်ကရစ်လုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ဖိအားမြင့် သံမဏိပိုက်လိုင်း ပိုက်တပ်ဆင်နေမှု၊ ဓာတ်အားပေးစက်ရုံ၏ ကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ တည်ဆောက်ရေးပစ္စည်းများရရှိမှု အခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်ထက် ဆောလျင်စွာပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရှင်းလင်းဆောင်ရှုရပ်မှ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တမံ၏ချောင်း အထက်ပိုင်းရှုရပ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိကြပြီး ရေဝင်အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် Stage-9 ကွန်ကရစ်လုပ်ငန်းခွင်ရှုရပ်သို့ ရောက်ရှိကြပြီး Stage-9 တွင် ဖိအားမြင့် သံမဏိပိုက် တပ်ဆင်ပြီးစီးနေမှုနှင့် ကွန်ကရစ်သွန်းလောင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစ်ငယ်မြစ်၏ မြောက်ဘက်ခြမ်း EL-197 ရှုရပ်သို့ သွားရောက်၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်အတွင်း ကွန်ကရစ်သွန်းလောင်းနေမှု၊ သံမဏိပိုက် တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် တည်ဆောက်ပြီးစီးပါက မဂ္ဂါဝပ် ၇၉၀ ရှိ ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ကို ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပြီး ယခုအခါ ဖိအားမြင့် သံမဏိပိုက်လိုင်းများကို CVC ကွန်ကရစ်ခုံများ အသုံးပြု၍ တပ်ဆင်တည်ဆောက်လျက်ရှိရာ ၅၄ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကာ Unit (1) အနေဖြင့် ၂၈ မီတာ၊ Unit(2) အနေဖြင့် ၂၄မီတာ၊ Unit(3) အနေဖြင့် ၂၄ မီတာ၊ Unit(4) အနေဖြင့် ၂၆ မီတာ အသီးသီး ဆောင်ရွက်ပြီးစီးလျက်ရှိသည်။

ထို့အပြင် ပင်မတမံ RCC ကွန်ကရစ်လုပ်ငန်း ၆၂ ရာခိုင်နှုန်း၊ ရေယူအဆောက်အအုံ Power Intake ၆၁ရာခိုင်နှုန်း၊ ဓာတ်အားပေးစက်ရုံ Power House ၃၀ ရာခိုင်နှုန်း၊ ရေပိုလွှဲ Spill Way ၂၇ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်း ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ တက်ရောက်ဂုဏ်ပြု ထောက်ပံ့ငွေပေးအပ်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပေးအပ်

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များက အဘိုး၊ အဘွားများအား ထောက်ပံ့ငွေနှင့် ဂုဏ်ပြုပစ္စည်းများ ပေးအပ်ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပရေးကော်မတီ(ဗဟို) လူမှုဝန်ထမ်း ဦးစီးဌာနမှ ပေးပို့လှူဒါန်းငွေကျပ် ၄၀၀၀၀ ကို တိုင်းလူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်က ပုသိမ်မြို့ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ပုသိမ်) ဥက္ကဋ္ဌ ဦးသန်းဝင်းထံ ပေးအပ်သည်။

ထောက်ပံ့ပေးနိုင်ခဲ့

အဆိုပါ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ပုသိမ်မြို့ ရပ်ကွက်အသီးသီးရှိ အသက် (၈၀)နှင့်အထက် အဘိုး၊ အဘွား ၇၅ ဦးနှင့် ပုသိမ်မြို့ စက်တော်ရာ ဘိုးဘွားရိပ်သာမှ ၃၆ ဦး ပေါင်း ၁၁၁ ဦးအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဦးလျှင် ငွေကျပ် ၆၄၀၀ နှင့် တန်ဖိုး ငွေကျပ် ၃၆၀၀ ရှိ စောင်တစ်ထည်စီ စုစုပေါင်းငွေကျပ်၁၁၁၀၀၀၀၊ဌာနဆိုင်ရာ အလှူရှင်များမှ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှင့် တန်ဖိုးငွေကျပ် ၃၀၀၀ ရှိသည့် မျက်နှာသုတ်ပဝါ တစ်ထည်စီ စုစုပေါင်းကျပ် ၆၆၆၀၀၀၊ ပုသိမ်မြို့ အဝေရာ တိုင်းရင်းဆေးလုပ်ငန်းမှ တန်ဖိုးငွေကျပ် ၂၁၀၀၀၀ ရှိသည့် တိုင်းရင်းဆေးဝါးမျိုးစုံ လှူဒါန်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၉၈၀၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

ထောက်ပံ့ငွေပေးအပ်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ အခမ်းအနားတွင် အဘိုး၊ အဘွားများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း တူရကီ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အလီဘာဘာကန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးသန်းထွန်း-ဒေါ်ကျင်ရွှေ၊ သား မောင်ထွန်းမင်းသန်း မိသားစုက ကြေးပြားငါးချပ်၊ တန်ဖိုးငွေ ကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းစဉ်။ (က-ပ)

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းကထိန်

ရန်ကုန် အောက်တိုဘာ ၂၈

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းကထိန် သင်္ကန်း ကပ်လှူပွဲ၊ အသင်းနာယက ဆရာတော် ကိုးပါးအား နေ့ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပွဲ၊ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ် ကျောက်စိမ်းတွင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ စာရင်းကို နိုဝင်ဘာ ၁၅ ရက်နောက်ဆုံးထားပြီး အမှုဆောင်အဖွဲ့ထံ ပေးပို့ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်ကြီး ဖုန်း-၂၄၁၇၂၃၊ ဦးယုတင် ဖုန်း- ၀၉၅၁၆၄၅၉၈၊ ဗိုလ်ကြီးခင်မောင်အေး ဖုန်း- ၀၉၂၀၁၇၈၇၁၊ ဦးချစ်မောင် ဖုန်း- ၅၀၃၁၉၈၊ ဦးတင်မောင်အုန်း ဖုန်း- ၅၃၉၂၈၇၊ ဦးအောင်သိန်း ဖုန်း- ၃၈၃၉၄၆၊ ဦးတင်ဆိုက် ဖုန်း- ၂၂၄၅၉၁၊ ဒေါ်ဆွေဆွေကြည် ဖုန်း- ၅၁၉၅၂၉၊ ဒေါ်ပြုံးပြုံး ဖုန်း- ၂၄၁၀၄၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး မိုးကောင်းမြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီ ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားသည်။ (က-ပ)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း၊ ပြည်ပမှ ပဒေသာပင်အလှူရှင်များ၏ (၄၇)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ပြုညှော့ခံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဆေးရုံကြီး ဝေဇယန္တာဆောင်ရှစ်ထပ်အဆောက်အအုံ အပေါ်ဆုံးထပ် ခန်းမဆောင်ကြီး၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သာကေတမြို့နယ် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တ အင်္ဂီသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အခမ်းအနားကျင်းပခြင်းနှင့် ပတ်သက်၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်က တင်ပြလျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများနှင့် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၁၂၂)ကြိမ်မြောက် ဆေးပဠာန်းလှူဒါန်းပွဲအတွက် အောက်တိုဘာ ၂၄ ရက်က မွန်ပြည်နယ် တိုင်းရင်းဆေးဆရာများအသင်းနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့မှ ဆေးပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၇၄၂၂၈၀ ကို တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးထွန်းမြင့် ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးခိုင် လက်ခံရယူစဉ်။ (က-ပ)

ဖြူးဆရာတော်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

ပြည်တွင်း ပြည်ပ သာသနာပြုနိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတရ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိသည် ဘိုကလေးမြို့နယ် မြင်းကကုန်းရှိ ဓမ္မဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ၌ (၁၄)ကြိမ်မြောက် ဦးသန်းမင်း-ဒေါ်စန်းမြင့်ရီ မိသားစုတို့၏ ကထိန်ဒါနပွဲ၌ နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် နိဗ္ဗာန်ရောက် ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ လုပ်ငန်းခွင်တစ်နေရာကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိုဂါဒစ်ရှူးတွင် ပေါက်ကွဲမှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

မိုဂါဒစ်ရှူး အောက်တိုဘာ ၂၈

ခရီးသည်များ တင်ဆောင်လာသည့် မီနီဘတ်စ်ကားတစ်စီးသည် ဆိုမာလီနိုင်ငံ၏မြို့တော် မိုဂါဒစ်ရှူးတွင် လမ်းဘေးဗုံး နင်းမိသဖြင့် ပေါက်ကွဲမှုဖြစ်ပွားကာ ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်သည် မိုဂါဒစ်ရှူးမြို့၏အနီးပြေးဆွဲနေစဉ်ပေါက်ကွဲမှုဖြင့် ကြုံတွေ့ရခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ခရီးသည်များနှင့် လမ်းသွားလမ်းလာများ သေဆုံးဒဏ်ရာရရှိခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

ယင်းပေါက်ကွဲမှုကြောင့် မီနီဘတ်စ်ကားအတွင်းမှ လေးဦးနှင့် လမ်းသွားလမ်းလာနှစ်ဦးတို့သေဆုံးကြောင်းအနီးရှိ ဈေးဆိုင်မှ မျက်မြင် တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

ဘဂ္ဂဒက်မြောက်ပိုင်း ဆလာဟူဒင်ပြည်နယ်၌ ဗုဒ္ဓဟူးနေ့က အမေရိကန်တပ်ဖွဲ့ ဝင်နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ၂၀၀အကွာရှိဘေဂျီမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသည်ဟု အမေရိကန် စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဆာလာဟူဒင်ပြည်နယ်တွင် စစ်ဆင်ရေးဆောင်ရွက်စဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွားရာမှ ရရှိလာသည့်ဒဏ်ရာဖြင့် ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်ဟု အခြားကြေညာချက်တစ်ရပ်တွင် ပါရှိသည်။ ယင်းပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ ဝင်သုံးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် မြို့ကြီး ၁၂မြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြ

နယူးယောက် အောက်တိုဘာ ၂၈

အီရတ်စစ်ပွဲ ချက်ချင်းအဆုံးသတ်ပေးရန်နှင့် စစ်ပွဲအသုံးစရိတ်အတွက် ကွန်ဂရက်လွှတ်တော်က ရန်ပုံငွေဖြတ်တောက်ပေးရန် တောင်းဆိုလျက် အမေရိကန်နိုင်ငံရှိ မြို့ကြီး ၁၂မြို့တွင် စနေနေ့က စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ငြိမ်းချမ်းရေးနှင့် တရားမျှတရေး ညွန့်ပေါင်းအဖွဲ့က ဦးဆောင်ကာ ဘော်စတွန်၊ နယူးအော်လန်၊ ချီကာဂိုနှင့် လော့စ်အိန်ဂျလိစ်မြို့တို့ အပါအဝင် မြို့ကြီး ၁၂မြို့တွင် ဆန္ဒပြခဲ့ကြသည်။ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် အမေရိကန် အထက်လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့သည့် ငါးနှစ်မြောက် နှစ်ပတ်လည်နေ့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နယူးယောက်မြို့ရှိ မင်ဟတ်တန်ရပ်ကွက်၌ မိုးထဲလေထဲမှာပင် ဆန္ဒပြကြကြောင်း၊ "အီရတ်စစ်ပွဲ ချက်ချင်းရပ်"၊ "စစ်မြေပြင်ကို အလိုမရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုကိုသာ အလိုရှိသည်"၊ သမ္မတ ဘုရှ် စစ်ရာဇဝတ်ကောင်" စသည့်ပိုစတာများကို ကိုင်ဆောင်ကာ ဆန္ဒပြကြကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်မှုထမ်းဟောင်းများနှင့် အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များက စစ်ဆန့်ကျင်ရေး ဟောပြောမှုများ ပြုလုပ်ကြကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

လ,စူးစမ်းရေးယာဉ် တရုတ်အောင်မြင်စွာ လွှတ်တင်

စီချန်(စီချွမ်ပြည်နယ်)
အောက်တိုဘာ ၂၇

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်းရှိ စီချန်ဂြိုဟ်တုလွှတ်တင်ရေးဌာနမှ တရုတ်နိုင်ငံ၏ ပထမဆုံး လူမပါသည့် အာကာသစူးစမ်းယာဉ် ချန်ဂီ-၁ကို အောက်တိုဘာ ၂၄ရက် ညနေပိုင်းက အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ကြေညာ

အာကာသစူးစမ်းရေးယာဉ်သည် ကမ္ဘာပတ်လမ်းတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် စီချန်ဂြိုဟ်တုလွှတ်တင်ရေးဌာန ညွှန်ကြားရေးမှူး လီရှန်ဖူက ကြေညာခဲ့ခြင်းဖြစ်သည်။ ၎င်းစူးစမ်းရေးယာဉ်သည် လကမ္ဘာပတ်လမ်းသို့ ဝင်ရောက်ရန်အတွက် လမ်းကြောင်းပွင့်ခဲ့ပြီဖြစ်သည်။

စီချန်ဂြိုဟ်တု လွှတ်တင်ရေးဌာန ဒုံးပစ်စင်အမှတ် ၃ မှ ဒေသစံတော်ချိန် ညနေ ၆နာရီ ၅မိနစ်တွင် လောင်းမတ်ချ် ၃အေ ဒုံးယာဉ်ဖြင့် သယ်ဆောင်ပြီး ချန်ဂီ-၁ကို လွှတ်တင်ခဲ့သည်။

ယခုစမ်းသပ်မှုသည် တရုတ်နိုင်ငံ လမျက်နှာပြင် စူးစမ်းလေ့လာရေးအဖွဲ့၏ အဆင့်သုံးဆင့်တွင် ပထမအဆင့်ဖြစ်သည်။ ၂၀၁၂ ခုနှစ်ဝန်းကျင်တွင် လမျက်နှာပြင်သို့ သက်ဆင်းမည်ဖြစ်သည်။ တတိယအဆင့် အနေဖြင့် ၂၀၁၇ခုနှစ်တွင် လကမ္ဘာပေါ်သို့ သက်ဆင်းပြီး လမျက်နှာပြင်မှ မြေကြီးနှင့်ကျောက်တုံးများကို သုတေသနပြုလုပ်ရန်အတွက် နမူနာယူပြီး ကမ္ဘာသို့ ပြန်လာမည်ဖြစ်သည်။ အလေးချိန် ကီလို ၂၃၀၀ရှိ ချန်ဂီ-၁ယာဉ်သည် အောက်တိုဘာ ၃၁ရက်တွင် ကမ္ဘာပတ်လမ်းမှ လပတ်လမ်းသို့ ဝင်ရောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် လပတ်လမ်းသို့ ရောက်ရှိမည်ဟု မျှော်လင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက် အရှေ့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ ရှစ်ဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်အရှေ့တောင်ပိုင်းတွင် စနေနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရှစ်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျီဒီယာလာမြို့ရှိ အလုပ်သမားများ လာရောက်စားသောက်လေ့ရှိသည့် စားသောက်ဆိုင်တန်းများအနီး နံနက် ၇ နာရီခွဲတွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။

အမှိုက်ပုံအတွင်း ထောင်ထားသည့်ဗုံး ပေါက်ကွဲခြင်းဖြစ်ပြီး ဒဏ်ရာရသူများအနက် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်သည်။

ဘဂ္ဂဒက်အရှေ့တောင်ပိုင်းရှိ ရှီးယိုက်တို့ နေထိုင်ရာ ရပ်ကွက်တွင် လေးရက်အတွင်း ဒုတိယအကြိမ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုနိုင်ငံ မွန်ထရီမြို့ရှိ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံ လုပ်ငန်းခွင်ကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

ဆမ်မာရာတောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ၁၆ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ် ဆမ်မာရာမြို့တောင်ပိုင်းတွင် ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုမှ တိုက်ခိုက်ရေးသမားများနှင့် အယ်လ်ခိုင်ဒါအုပ်စုမှ စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားသဖြင့် ၁၆ဦးသေဆုံးကြောင်း၊ သေဆုံးသူသုံးဦးမှာ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ ဖြစ်ကြောင်းပြည်နယ်ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့်နှစ်ရက်တာကာလတွင် ဆမ်မာရာမြို့တောင်ပိုင်း မူတာဆင်အရပ်၌ အစ္စလမ္မစ်တပ်ဖွဲ့နှင့် အယ်လ်ခိုင်ဒါအုပ်စုတို့ တိုက်ခိုက်ခဲ့ကြကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ အစ္စလမ္မစ်တပ်ဖွဲ့သည် အီရတ်ရှိ အမေရိကန် ဆန့်ကျင်ရေးအုပ်စုများအနက် အကြီးဆုံးအုပ်စုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံရှန်ဟိုင်းလေဆိပ်တွင် အဲဘတ်စ် အေ-၃၈၀ လေယာဉ်ရှိ အိပ်စင်အသုံးပြုမှုနှင့် ပတ်သက်၍ လေယာဉ်မယ်တစ်ဦး သရုပ်ပြနေသည်ကို အောက်တိုဘာ ၂၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် အရညဝါသီ ရွှေကျင်နိကာယ ဖောင်တော်သီမြို့ ရတနာဘုံကျော်ကျောင်း မဟာနာယက ဆရာတော်ကြီး၏ ရာပြည့်အကြိုပူဇော်ပွဲနှင့် ငါးမြို့နယ် သံဃမဟာပဝါရဏာပွဲတော်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ပဲခူးမြို့ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် အရညဝါသီ ရွှေကျင်နိကာယ ဖောင်တော်သီမြို့ ရတနာဘုံကျော်ကျောင်း မဟာနာယက ဆရာတော်ကြီး၏ သက်တော်(၉၉)နှစ် သိက္ခာတော်(၇၉)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာနာယက ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်အား ရာပြည့်အကြိုပူဇော်ပွဲနှင့် (၁၄၃)ကြိမ်မြောက် ငါးမြို့နယ် သံဃမဟာပဝါရဏာ ပွဲတော်ကို အောက်တိုဘာ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ကြခတ်ဝိုင်းကျောင်းတိုက် ရာပြည့်ဓမ္မာရုံကြီး၌ကျင်းပရာ အခမ်းအနား ပထမပိုင်းအစီအစဉ်အရ သက်တော်ရှည် ရတနာဘုံကျော်ကျောင်း မဟာနာယကဆရာတော်ထံမှ ဒကာ ဒကာမများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ဆရာတော်ကြီးအား ပစ္စည်းလေးပါး နဝကမ္မငွေကျပ် ၁၀၇၉၅၀၀ ကို ဆက်ကပ်လှူဒါန်းပြီး ရွှေကျင်နိကာယ သံဃဘာရ နိတ္ထာရက သာသနာပြု ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဇောတိပါလ ကြခတ်ဝိုင်း ဆရာတော်ကြီးက ရေစက်သွန်းချ အမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအဖြစ် သံဃမဟာပဝါရဏာ ပွဲတော်ကို ကျင်းပရာ ပဲခူးမြို့ မဟာဇေတာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော်က အခမ်းအနားဖွင့် တောင်းပန်ရစနာဂါထာ ရွတ်ဖတ်ပြီး ပဝါရဏာ အမေးအဖြေကို ပဲခူးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင် ဝင်းနိမ္မိတာရုံ ဆရာတော်နှင့် မြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင် မဟာစေတီကန်ကျောင်း ဆရာတော်တို့က ဆောင်ရွက်ကြသည်။

ထို့နောက် ရဟန်းတော်များ အားလုံး ထေရ်စဉ်ဝါလိုက် (သမာနဝဿိက) သံဃမဟာပဝါရဏာ ပြုတော်မူကြ၍ အဋ္ဌရာယ်ကင်းပျောက် ချမ်းသာရောက် အပရိဟာ နိယဝုဒ္ဓိ ဝေပုလ္လသုတ်တော်များ ရွတ်ဖတ်တော်မူပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိတအရညဝါသီ ရွှေကျင်နိကာယ မဟာနာယက ဖောင်တော်သီ ဆရာတော်ကြီး၏ သြဝါဒကထာကို ပဲခူးမြို့ သာသနာ့လင်းရောင်ကြည် ဆရာတော်က ဖတ်ကြားသည်။ ယင်းနောက် ပဲခူးမြို့ ဇေတဝန်ဆရာတော်က ပဝါရဏာ အခမ်းအနားသိမ်း ဂါထာပါဠိအနက်ကို ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်း

ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် အရညဝါသီရွှေကျင်နိကာယ ဖောင်တော်သီမြို့ ရတနာဘုံကျော်ကျောင်း မဟာနာယကဆရာတော်ကြီး၏ သက်တော်(၉၉)နှစ် သိက္ခာတော်(၇၉)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာနာယက ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်အား ရာပြည့်အကြိုပူဇော်ပွဲနှင့် (၁၄၃)ကြိမ်မြောက် ငါးမြို့နယ် သံဃမဟာပဝါရဏာပွဲတော်တွင် ပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ဆရာတော်ကြီးထံ ပစ္စည်းလေးပါး နဝကမ္မ အလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

ရွှေတောင်မြို့နယ် ရွှေငါးလွှတ်ပွဲနှင့် (၂၈)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပဝါရဏာလောင်းလှူပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာ ရဟန္တာ(၈၀) ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရကဦးစီး၍ ရွှေငါးလွှတ်ပွဲကို အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၂နာရီတွင် ရဟန္တာ(၈၀)ကျောင်းတိုက်၌ကျင်းပရာ နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ရွှေတောင်မြို့နယ်မှ ဌာနဆိုင်ရာများ၊ နွားမယံကျေးရွာအုပ်စုမှ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ဝေး၊ ရပ်နီးအလှူရှင်များ၊ ဒေသခံပြည်သူများက အောင်စည် အောင်မောင်း၊ ခရုသင်းတီးမှုတ်၍ ကိုယ်စီကိုယ်စီ ငါးမြစ်ချင်း ခုနစ်လက်မ ကောင်ရေတစ်သောင်း ကို ဧရာဝတီမြစ်အတွင်းသို့ တပျော်တပါး လွှတ်ပေးကြသည်။

ကြွရောက်တော်မူ

(၂၈)ကြိမ်မြောက် ရွှေတောင်မြို့နယ်လုံးဆိုင်ရာ ပဝါရဏာလောင်းလှူပွဲကို အောက်တိုဘာ ၂၆ရက် ညနေ ၃ နာရီတွင် ရေးဟောင်းသမိုင်းဝင် ရဟန္တာ (၈၀) သိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ အဂ္ဂမဟာအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၃၁၀ ကြွရောက်တော်မူကြပြီး ဌာနဆိုင်ရာများ၊ ရပ်ဝေး၊ ရပ်နီး အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပဝါရဏာလောင်းလှူ

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သက်တော်ရှည် အမ္ဗရာမဆရာတော် ဘဒ္ဒန္တဂန္ဓသာရထံမှ ဆရာတော်၊ သံဃာတော်များက သြဝါဒခံယူကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်အပါး ၃၁၀ တို့အား ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦး၊ ပဲခူးတိုင်း (အနောက်ပိုင်း) ရဲတပ်ဖွဲ့၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းနှင့် အလှူရှင်မိသားစုများ၊ ဒေသခံပြည်သူများက ပဝါရဏာ လောင်းလှူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၈)ကြိမ်မြောက် ရွှေတောင်မြို့နယ်လုံးဆိုင်ရာ ပဝါရဏာလောင်းလှူပွဲ ကို ရှေးဟောင်းသမိုင်းဝင် ရဟန္တာ(၈၀) သိမ်တော်ကြီး၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ၊ ဒေသခံပြည်သူများက ပဝါရဏာလောင်းလှူကြစဉ်။ (သတင်းစဉ်)

မဓမ္မဒူတ ဇေတဝန်တောရ တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်၌ သီတင်းကျွတ်တရားစခန်းကို နိုဝင်ဘာ ၂ရက်မှ နိုဝင်ဘာ ၄ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းသွင်းနိုင်

တရားစခန်းဝင်မည့် ယောဂီများသည် နိုဝင်ဘာ ၂ရက် ညနေ ၃နာရီ အရောက်လာရောက်ကြရန်နှင့် ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဇာနည်ညီနောင် ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ဦးသိန်းဝင်း ဖုန်း-၅၄၀၀၉၂နှင့် ဦးလှကြည် ဖုန်း-၂၄၀၄၀၀လိုင်းခွဲ (၃၀)တို့သို့ ဆက်သွယ်စုံစမ်းစာရင်းသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

သမထဝိပဿနာတရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဒလ-အုံကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး) က ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီး၌ နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ် နိုင်ကြောင်းသိရသည်။

(က-ပ)

ပြည်လုံးချမ်းသာ မဟာဝိဇ္ဇာကစေတီတော် အနေကဇာတင်လှူပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနှင့် ၁၀ လမ်းထိပ်ရှိ ပြည်လုံးချမ်းသာ မဟာဝိဇ္ဇာက စေတီတော် အနေကဇာတင်လှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၅နာရီတွင် ကျင်းပရာ အလှူရှင် ယူနိုက်တက်ဂက်(စ်)အိုး၊ ဂက်(စ်)မီးဖိုရောင်းဝယ်ရေးမိသားစုများက ငွေကျပ် ၃၈သိန်းကို လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စေတီတော် စောင့်ရှောက်ရေး ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

(အောက်ဝဲပုံ)

ဘက်စုံဖွံ့ဖြိုးရေး ပြုပြင်ရေးအလှူရှင် ဦးမောင်လှနှင့် ဒေါ်ငွေသင်-မြမြဝင်း လက်ဖက်ရည်ဆိုင်မိသားစုက ငွေကျပ် ငါးသိန်း ငါးသောင်းကို လှူဒါန်း၍ ရေစက်ချ သာဓုအနုမောဒနာပြုကြောင်း သိရသည်။

(၄၃)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၃၆)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒဏ်ရာများနှင့် နှလုံးသား (အပိုင်း-၁၃)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒသမနေ့အစီအစဉ်များ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ ဆက်လက်ကျင်းပ

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အဆင့်မြင့်ပညာ အဆင့်(အမျိုးသမီး) ဒုံမင်းအတီး ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မဌေး မြတ်သန္တာ ယှဉ်ပြိုင်မှုကို ကြည့်ရှု အားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၈

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒသမနေ့အစီအစဉ်များကို အောက်တိုဘာ ၂၇ရက်တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာနေရာများသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော် ပျဉ်းမနားခရိုင် အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှုသုခုမအနုပညာကို လေးစားမြတ်နိုးကြသောပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) (အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြနှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတ အကဲဖြတ်ပညာရှင်များအဖွဲ့ခေါင်းဆောင် ဂီတပညာရှင် ဒေါ်သင်းသင်းမြတ်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကိုကျင်းပရာ **"တိမ်မှောင်မြေးကင်း"**(လောကနတ်)သီချင်းဖြင့် ကရင်ပြည်နယ်မှ ဦးအောင်သောင်း၊ တနင်္သာရီတိုင်းမှ ဦးဟန်စိုး၊ ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေ၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်၊ စစ်ကိုင်းတိုင်းမှ ဦးမောင်လေး၊ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်နှင့် မန္တလေးတိုင်းမှ ဦးပိုတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်(အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြဝတီမင်းကြီး ဦးစ ရေးသည့် **"ပုံနှုန်းဝတီသာ"**(ကြိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ မသဲယွန်းလွှာ၊ မန္တလေးတိုင်းမှ မခင်စပယ်၊ ရန်ကုန်တိုင်းမှ မနေဇင်နှင်းထက်၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ပဲခူးတိုင်းမှ မအိဇွန်ဖြိုး၊ ရန်ကုန်တိုင်းမှ မဖူးမြတ်ပွင့်စံ၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ဧရာဝတီတိုင်းမှ မဇင်ဒေဝီထွန်း၊ ရခိုင်ပြည်နယ်မှ မလဲ့ရည်ကို၊ မန္တလေးတိုင်းမှ မမိုးစန္ဒာ၊ မကွေးတိုင်းမှ မသီဂီစိုး၊ ကယားပြည်နယ်မှ မဆုသက်ပိုင်၊ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ စစ်ကိုင်းတိုင်းမှ မပွင့်ဖူးဝေနှင့် ချင်းပြည်နယ်မှ မဗန်ရွှေမွေးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကွက်စိပ် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသား)ကွက်စိပ်ပြိုင်ပွဲတွင် ညီတော်မင်းနန်ချွတ်ခန်း ဇာတ်တော်ကို မကွေးတိုင်းမှ ဦးတင်သိန်း၊ မွန်ပြည်နယ်မှ မြဗိုလ်ကေစိန်(ခေါ်)ဦးမြလွင်၊ ရခိုင်ပြည်နယ်မှ ပန်တျာဇင်ဦး၊ မန္တလေးတိုင်းမှ နန်းမြင့်ဆွေနှင့် ဦးစွန်ညို(ခေါ်) တင်မောင်ဝင်းတို့ ဟောပြောပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တယောအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ တယောအတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် တယောဦးတင်ငွေနှင့် အတီးအကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် **"တောင်ဇမ္ဗူပိုင်"** (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးဘခက်၊ မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရင်၊ မန္တလေးတိုင်းမှ ဦးသန့်ဇော်၊ ဧရာဝတီတိုင်းမှ ဦးစည်သူအောင်၊ မွန်ပြည်နယ်မှ ဦးဘသက်၊ ရန်ကုန်တိုင်းမှ ဦးလှသိန်းနှင့် ကရင်ပြည်နယ်မှ ဦးလှအောင်တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသား) တယောအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"သာယာ"**(ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သွင်မင်းထက်၊ ကယားပြည်နယ်မှ မောင်အောင်ခန့်ပိုင်၊ ကချင်ပြည်နယ်မှ မောင်ဆိုင်းတူးလောဒ်၊ မန္တလေးတိုင်းမှ မောင်ဟိန်းမင်းဇော်နှင့် မောင်ပြည့်ဖြိုးဇော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး)တယောအတီးပြိုင်ပွဲတွင် **"မေတ္တာ"**(ကာလပေါ်)တေးသီချင်းဖြင့် တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ မွန်ပြည်နယ်မှ မတင်လေးဝေနှင့် ရန်ကုန်တိုင်းမှ မနော်ဆုသဲသဲအောင်တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)၌ ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ဒုံမင်းအကဲဖြတ်ပညာရှင်များအဖွဲ့ခေါင်းဆောင် ဒလဦးမြင့်စိန်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် **"ချစ်သမျှကို"**(ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးကျော်ဆွေ၊ မန္တလေးတိုင်းမှ ဦးတင်ရှိန်၊ ရန်ကုန်တိုင်းမှ ဦးမောင်ဝမ်း၊ မကွေးတိုင်းမှ ဦးသန်းထွန်း၊ ရှမ်းပြည်နယ်မှ ဦးသန်းဝင်း၊ မန္တလေးတိုင်းမှ ဦးမင်းဂေါင်စိုး၊ မွန်ပြည်နယ်မှ ဦးနိုင်ဦး၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်းနှင့် ပဲခူးတိုင်းမှ ဦးလှမြင့်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် **"သည်ဆောင်းဟေမာန်"**(ဘွဲ့) သီချင်းဖြင့် မကွေးတိုင်းမှ ဒေါ်နီလာ၊ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်၊ မန္တလေးတိုင်းမှ ဒေါ်နွဲ့နွဲ့သင်းနှင့် ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"စမ်းစမ်းသဏ္ဌာကြာညောင်"**(ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်မျိုးသူနှင့် မောင်အောင်နိုင်ဦး၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် **"စမ်းစမ်းသဏ္ဌာကြာညောင်"**(ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မဌေးမြတ်သန္တာတို့ တီးခတ်၍ ပြိုင်ပွဲဝင်သည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင် **"မေတ္တာ"** (ကာလပေါ်)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သွင်မင်းထက်နှင့် ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး)ဒုံမင်းအတီးပြိုင်ပွဲတွင် **"ဝေဘာဂီရိ"** (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မစုမြတ်နိုးနှင့် မခင်ပြည့်စုံအောင်၊ မန္တလေးတိုင်းမှ မအေးသဇင်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်) ခန်းမ၌ ကျင်းပရာ ဆိုင်းအဖွဲ့လိုက် အတီးအကဲဖြတ်ပညာရှင်များအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေးနှင့် အဖွဲ့နှင့် မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်းနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မဝင့်နန္ဒာလွင်နှင့် အဖွဲ့က ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်းနှင့် အဖွဲ့နှင့် မအေးမြတ်နိုးခင်နှင့် အဖွဲ့နှင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့်နှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား) ကွက်စိပ်ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မြဗိုလ်ကေစိန်(ခေါ်)ဦးမြလွင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၉-၁၀-၂၀၀၇ (တနင်္လာနေ့)	မဟာဂီတ	အဆင့်မြင့်(မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)
		အခြေခံ(၁၀-၁၅) (ကျား)	၁၃၀၀	
	ကွက်စိပ်ပြိုင်ပွဲ	ညီတော်မင်းနန်ချွတ်ခန်း	၀၉၀၀	မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်)
	ပတ္တလား	ဝါသနာရှင်(ပ)(မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)
		အဆင့်မြင့်ပညာ(ကျား)	၀၉၀၀	
		အခြေခံ(၁၅-၂၀) (မ)	၁၃၀၀	။
		အခြေခံ(၅-၁၀)(မ)	၁၃၀၀	။
	ဆိုင်း(တစ်ဦးချင်း)	ဝါသနာရှင်(ပ) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)
		အဆင့်မြင့်ပညာ(မ)	၁၃၀၀	
		အခြေခံ(၅-၁၀) (မ)	၁၃၀၀	။

မော်လမြိုင် ရွှေတောင်ကျောင်းတိုက် (၁၁)ကြိမ် စုပေါင်းမဟာဘုံကထိန် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော် မြောက်ဘက်မုခ်ဦးရှိ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်၌ မဟာဘုံကထိန် အလှူတော်မင်္ဂလာကို နှစ်ဖက်သော မိဘများ အမှူးထား၍ မန္တလေးမြို့ ဈေးချို သဇင်ရုံမြေညီထပ် (ဆိုင်အမှတ်၊ ၁၁/၁၃၊ ဖြိုးမာန် -ပရုတ်လျက်ဆားနှင့် ပရဆေးရောင်းဝယ်ရေး)၊ ဦးထွန်းဝင်း-ဒေါ်ခင်လေးမြင့် မိသားစုတို့က မ,တည် ဒါယကာအဖြစ် ဦးဆောင်ကာ (၁၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို နိုဝင်ဘာ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ယင်းကျောင်းတိုက်၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ (က-ပ)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးနှင့်ဝန်ကြီးများ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းကိုယ်စားပြု ဆန်းကိုနှင့်အဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

"စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲ နောက်ဆုံးနေ့ကျင်းပ ဧရာဝတီတိုင်းကိုယ်စားပြု ဆန်းကိုနှင့်အဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေ

နေပြည်တော် အောက်တိုဘာ ၂၈

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့ည ၇ နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဧရာဝတီတိုင်းကိုယ်စားပြု ဆန်းကိုနှင့်အဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေတင်ဆက်သည်။

"စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများမှကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဧရာဝတီတိုင်းကိုယ်စားပြု ဆန်းကိုနှင့်အဖွဲ့က "စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ကိုယှဉ်ပြိုင်ကပြရာတွင် ဇာတ်ညွှန်းဦးသန်းညွန့်(ဇင်မင်းသမိန်ထော)၊ ဒါရိုက်တာ ဦးသက်တင်(မောင်သာတင့်)၊ သရုပ်ဆောင်များအဖြစ်ဆန်းကို၊ဇင်မီမီအောင်၊ ဦးမြအေး၊ ဒေါ်မော်မော်ခိုင်၊ ကျော်ကျော်၊ ယုမွန်ဦး၊ ခင်ချစ်ချစ်ချော၊ ထက်အာကာလင်းနှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဂီတမှူး မော်ကျွန်းဝင်းထွဋ်၊ ဝိုင်းတော်တီးရှာစားကိုကိုဇော် ဆိုင်းဝိုင်းနှင့်တွဲဖက်လျက် ကျေးလက်ဒေသယဉ်ကျေးမှုကိုအခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု သရုပ်ဖော်ပြကွက်များဖြင့် ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်သည်။

(သတင်းစဉ်)

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းစာဆရာများအဖွဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်၌ ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းစာဆရာများအဖွဲ့သည် ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေသို့ရောက်ရှိကြကာ ရှေးဦးစွာ ရေဆင်းဆည်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ ကျင်းပလျက်ရှိသော အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ခေတ်ပေါင်းကာလပေါ်တေး အဆိုပြိုင်ပွဲကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အခြေခံပညာအဆင့် (အမျိုးသား)ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

အာဆီယံနိုင်ငံကိုးနိုင်ငံမှ သတင်းစာဆရာ၁၈ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ရှေးဦးစွာ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိသတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့လည်းကောင်း၊ သာကေတမြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့လည်းကောင်း သွားရောက်လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယမန်နေ့ညပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စားသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းက အာဆီယံနိုင်ငံကိုးနိုင်ငံမှ သတင်းစာဆရာ ၁၈ဦးကို နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ သတင်းစာဆရာများအားပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

ဆုတောင်း

❋ကြေးကြိုးသားရေ
လေလက်ခုပ်တည့်၊ ဖော်ထုတ်ကျိုးပြု
အနုသုခုမ၊ အကစုံလင်
သဘင်ပညာ၊ စဉ်အလာကို
မှန်စွာတင်ပြ၊ တေးဂီတနှင့်
ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများ
ဝင့်ကြွားနှစ်စဉ်၊ ခြိမ့်ခြိမ့်ပင်တည့်
ဒို့လျှင်ဆင်နွဲ၊ ရိုးရာပွဲမှာ
သူလည်းယှဉ်ပြိုင်၊ ငါယှဉ်ပြိုင်၍
အနိုင်အရှုံး၊ ပီတိဖုံးကာ
အပြုံးမြားမြောင်၊ ချစ်ကြိုးနှောင်၍
လှူ့ဘောင်ဘဝ၊ ပဓာနကို
ပြသဖော်ထုတ်၊ တီးမှုတ်ကြပြီ။

❋ငါတို့မြန်မာ၊ သွေးစည်းကာဖြင့်
ရိုးရာဓလေ့၊ အားမာန်ဖြည့်၍
ချမ်းမြေ့ကြည်သာ၊ စေတနာနှင့်
မေတ္တာစင်ဖြူ၊ စိတ်ထားတူပြီး
ဂုဏ်ယူမြင့်မား၊ တိုင်းတစ်ပါးကို
မော်ကြွားနိုင်ပါစေသတည်း။ ။

မောင်ရည်တင့်(မအူပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises For Correct Pronunciation.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၀၀ ၅။ အကပဒေသာ
၅:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၃၅ ၈။ **"မီးမီးရဲ့ဆုံးဖြတ်ချက်" (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) [ဒါရိုက်တာ–အောင်မိုး(ပဲရစ်)]**
၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၀ ၁၃။ (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (မြားပစ်)
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောရွှေနေခြည်" (အပိုင်း–၂၄)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါချစ်သူရယ်" (အပိုင်း–၁၈)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မှန်မြတ်သော စေတနာ၊ ကြီးမားသော တန်ဖိုးနှင့် မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်မှုများဖြင့် ဒဂုံတံတားကြီးဖွင့်လှစ်

နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိသည့် ပေ ၁၈၀ အထက် တံတားကြီးများအနက် ၂၂၈ စင်းမြောက်ဖြစ်သော ဒဂုံတံတားသစ်ကြီးကို အောက်တိုဘာလ ၂၇ ရက်နေ့ နံနက်က ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

၁၉၈၈ မတိုင်မီက အထင်ကရမြစ်ကူးတံတားကြီး နှစ်စင်းသာ ရှိခဲ့၏။ ထိုတံတားတို့မှာ ဧရာဝတီမြစ်ကူး(စစ်ကိုင်း) တံတားနှင့် စစ်တောင်းမြစ်ကူး(စစ်တောင်း)တံတားတို့ ဖြစ်သည်။ တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ပြီးသည့် နောက်ပိုင်းတွင် တံတားကြီးငယ်ပေါင်း မြောက်မြားစွာကို တည်ဆောက်ပေးခဲ့ပြီး ယခု ၂၂၈ စင်းမြောက် ဒဂုံတံတားသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ဤသည်ကို ကြည့်ရုံမျှနှင့်ပင် နိုင်ငံတော်အစိုးရ၏ မွန်မြတ်မှန်ကန်သော စေတနာကို နားလည်နိုင်ပေသည်။

ထို့အပြင် တည်ဆောက်ပြီးစီးနေသည့် ရတနာပုံတံတား (မန္တလေး)၊ စစ်တောင်းတံတား (မုပ္ပလင်)၊ မဲဇလီတံတား၊ ဥရုတံတား၊ ဘွက်ကြီးတံတားများအပါအဝင် တံတား ၁၃ စင်းကို ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအပေါ် ထားရှိသော မွန်မြတ်မှန်ကန်သည့် စေတနာသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အရေအတွက်အားဖြင့်ရော ထုထည်ပမာဏအားဖြင့်ပါ တိုင်းတာပါက များပြားလှပြီး အနှစ်သာရအားဖြင့် တွက်စစ်ပါကလည်း အလွန် တန်ဖိုးကြီးမားလှကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ကိုယ်ပိုင်စွမ်းပကားတို့ဖြင့် အခြေခံကျသည့် လမ်း၊ တံတားများကို ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ရလဒ်ကောင်းများကို ယနေ့ ပြည်သူများ ကိုယ်တိုင် လက်တွေ့ခံစားခွင့်ရရှိနေကြပြီဖြစ်သည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေ ၅ ဒသမ ၅ သန်းကျော် နေထိုင်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရန်ကုန်မြို့မှ ပြည်နယ်/တိုင်း အသီးသီးသို့ ဆက်သွယ်နိုင်သည့် လမ်းတံတားများကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ မဟာဗန္ဓုလတံတား၊ သန်လျင်တံတား၊ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတား၊ ရွှေပြည်သာတံတား၊ ပန်းလှိုင်တံတား၊ တွံတေးတံတား စသည်ဖြင့် ပေ ၁၈၀ အထက် တံတားကြီး ၃၁ စင်းအပါအဝင် တံတားငယ်ပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ဒဂုံတံတားကြီးကို ညပိုင်းတွင် မီးရောင်စုံများဖြင့် ဤသို့လှပစွာ တွေ့ရသည်။

ယခု ဖွင့်လှစ်လိုက်သည့် ဒဂုံတံတားကြီးသည် ပဲခူးမြစ်ကို ဖြတ်၍ တည်ဆောက်ထားပြီး စီမံကိန်းလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ် မေလ ၂ ရက်နေ့မှ စတင်ခဲ့ခြင်းဖြစ်သည်။ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီး စုစုပေါင်းတံတားပေ အရှည်မှာ ပေ ၄၅၄၀၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေရှိပြီး ယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ ၇၅ တန်ဖြစ်သည်။

"ပြည်ပ ပညာရှင်များရဲ့ ကြီးကြပ်မှုတို့၊ အကူအညီတို့၊ ငွေကြေးတို့ လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိပါဘူး။ ပုံစံထုတ်တာနဲ့ တံတားတည်ဆောက်မှု အဆင့်ဆင့်တွေဟာ မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းပကားများသာ ဖြစ်ပါတယ်"

ဦးတင့်လွင်
ဒုတိယအင်ဂျင်နီယာမှူးကြီး

ဒဂုံတံတား၏ ယာဉ်သွားလမ်း အကျယ်သည် ၇၂ ပေရှိပြီး ခြောက်လမ်းသွားဖြစ်၍ တစ်ဖက်လျှင် ခြောက်ပေစီရှိသော လူသွားလမ်းများပါရှိသည်။ ဒဂုံတံတားတည်ဆောက်ပြီးစီးမှုကြောင့် ရန်ကုန်ဘက်ကမ်းရှိ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ဒဂုံတောင်စက်မှုဇုန်၊ ဒဂုံမြောက်စက်မှုဇုန်၊ ဒဂုံအရှေ့စက်မှုဇုန်နှင့် လှိုင်သာယာစက်မှုမြို့တို့မှ ထုတ်ကုန်ပစ္စည်းများကို သန်လျင်ဘက်ကမ်းရှိ သီလဝါ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်တော့မည် ဖြစ်သည်။

ထို့အပြင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များမှ ပြည်သူများအနေဖြင့် စီးပွားရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေးများမှအစ ကူးလူးဆက်ဆံသွားလာမှုများမှာလည်း အဆင်ပြေစွာ၊ လျင်မြန်ချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။



သတင်းဆောင်းပါးနှင့် ဓာတ်ပုံ သောင်းဝင်းမိုလ်

ဒဂုံတံတားသစ်ကြီးနှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင့်လွင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ တံတားကြီးက အင်မတန်ခံ့ညားလှပပါတယ်။ ကုန်ကျစရိတ် ဘယ်လောက်ရှိတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ဒဂုံတံတားကြီးကို ကျပ်ငွေသန်းပေါင်း ၁၈၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

မေး။ ။ နိုင်ငံတော်ရဲ့ စိုက်ထုတ်သုံးစွဲကုန်ကျငွေသက်သက်ပဲလား၊ ပြည်ပမှ ကူညီထောက်ပံ့မှုကော ရရှိခဲ့ပါသလား။

ဖြေ။ ။ နိုင်ငံတော်ရဲ့ စိုက်ထုတ်သုံးစွဲငွေ သက်သက်ပါ၊ ပြည်ပရဲ့ ထောက်ပံ့ကူညီမှု မရှိပါဘူး။

မေး။ ။ ဒီတံတားကြီးက ထူးခြားမှု
ဥပမာ-ရေလယ်တိုင်တွေ
တံတားတွေနဲ့ မတူတာကိ

ဖြေ။ ။ မှန်ပါတယ်။ ဒီတံတားကို
ပထမသန်လျင်တံတားနှင့်

ကုန်စည်စီးဆင်းမှု မြန်ဆန်
ဖောက်လုပ်ထားသည့် ဒဂုံတံတား

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအပေါ် ထားရှိ
မှန်ကန်သည့် စေတနာသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခ
အအုံများ၏ အရေအတွက်အားဖြင့်ရော ထုထည်ပမာဏအာ
ပါက များပြားလှပြီး အနှစ်သာရအားဖြင့် တွက်စစ်ပါက
တန်ဖိုးကြီးမားလှကြောင်းကို တွေ့ရှိရမည်ဖြစ်။

မြန်မာအင်ဂျင်နီယာများကိုယ်တိုင် ပုံစံထုတ်၊ ကိုယ်ပိုင်နည်းပညာဖြင့် ဆောက်လုပ်ခဲ့သော ဂုဏ်ယူဖွယ်ရာ ဒဂုံတံတားကြီး။

မေး။ ။ ဒီတံတားကြီးက ထူးခြားမှုများရှိနေတယ်လို့ မြင်မိပါတယ်။ ဥပမာ–ရေလယ်တိုင်တွေရဲ့ တည်ဆောက်မှုက တခြားတံတားတွေနဲ့ မတူတာကို သတိထားမိပါတယ်။

ဖြေ။ ။ မှန်ပါတယ်။ ဒီတံတားကို တည်ဆောက်တဲ့ နည်းပညာက ပထမသန်လျင်တံတားနှင့် မတူပါ။ သံပေါင် လုံးဝ မသုံးတဲ့ ကွန်ကရစ်တံတားသက်သက် ဖြစ်ပါတယ်။ သံပေါင်တံတားတွေထက် အားသာချက် အများအပြား ရှိပါတယ်။ ဥပမာ– သံပေါင်တံတားတွေမှာ မူလီစစ်ဆေးမှုတွေ အမြဲပြုလုပ်ရတယ်။ သံချေးတက်တဲ့ နေရာတွေမှာ သံချေးချွတ်ရတယ်။ သံချေးမတက်အောင် ဆေးပြန်သုတ်ရတယ်။ ဆားငန်ရေကြောင့် ဖြစ်ပေါ်လာမှုများကိုလည်း အမြဲတမ်း စစ်ဆေးထိန်းသိမ်းရပါတယ်။ ကွန်ကရစ်တံတားမှာတော့ ဒါတွေ လုပ်ဆောင်ရန် မလိုပါဘူး။

ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ခြောက်လမ်းသွားဖောက်လုပ်ထားသည့် ဒဂုံတံတားသစ်ကြီးကို တွေ့ရစဉ်။

ပြည်သူများအပေါ် ထားရှိသော မွန်မြတ် ...ပွိုးတိုးတက်မှုဆိုင်ရာ အခြေခံ အဆောက် ...ပွင့်ရော ထုထည်ပမာဏအားဖြင့်ပါ တိုင်းတာ ...ရအားဖြင့် တွက်စစ်ပါကလည်း အလွန် ...တွေ့ရှိရမည်ဖြစ်။

မေး။ ။ ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ပထမ သန်လျင်တံတား ရှိနေလျက်နဲ့ ဘာကြောင့် ထပ်ဆောက်ရတယ်ဆိုတာကိုလဲ သိချင်ပါတယ်။

ဖြေ။ ။ ကွန်ကရစ်တံတား တည်ဆောက်ရခြင်းဟာ ကုန်တန်ချိန် ခံနိုင်ရည် ပိုရှိအောင် ဖြစ်ပါတယ်။ ရေလယ်တိုင် ၁၉ တိုင်၊ ချဉ်းကပ်တိုင် ၁၃ တိုင် ထည့်သွင်းထားတာကို ကြည့်ခြင်းအားဖြင့် ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ထားတာကို သိနိုင်ပါတယ်။ ပထမ သန်လျင်တံတားရှိလျက်နဲ့ ယခုတံတားသစ်ကို တည်ဆောက်ရခြင်းကတော့ ပထမ သန်လျင်တံတားထက် ကုန်ချိန်နှစ်ဆကျော် တင်ဆောင်ဖြတ်သန်းနိုင်အောင် ဖြစ်ပါတယ်။ ပထမသန်လျင်တံတားဟာ စစ်တောင်းတံတားဟောင်း၊ စစ်ကိုင်းတံတားဟောင်းတို့ရဲ့ ပုံစံအတိုင်း ရထားလမ်းကို အလယ်မှာထားပြီး တစ်ဖက်တစ်ချက် တစ်လမ်းသွားလမ်းများကို ထည့်သွင်းထားတဲ့အတွက် အစွန်းထွက်ရက်မပေါ်တွင် တည်ဆောက်ထားခြင်းကြောင့် အလေးချိန် ကန့်သတ်မှုရှိပါတယ်။ လောလောဆယ် ၃၆ တန်သာ ခွင့်ပြုထားပါတယ်။ ခြောက်ဘီးကား ခေတ်က ကုန်ချိန်နဲ့ အဆင်ပြေနိုင်သော်လည်း ယခုလို ၁၀ ဘီးကား၊ ၁၂ ဘီးကား တန်ချိန် ၄၀ ၊ ၅၀ အတွက် ဖြတ်သန်းဖို့ရာ ဒဂုံတံတားသစ်ကြီးက ပိုပြီး အဆင်ပြေမှာ ဖြစ်ပါတယ်။ ခြောက်လမ်းတစ်ပြိုင်တည်း မောင်းနှင်နိုင်တဲ့ အတွက် ကုန်တင်ကားကြီးတွေ၊ Container ကားကြီးတွေနဲ့ ကုန်စည်စီးဆင်းမှုမြန်ဆန်အောင် ဖြတ်သန်းနိုင်ကြမှာ ဖြစ်ပါတယ်။ ပထမ သန်လျင်တံတားမှာဆိုရင် တံတားပေါ်မှာ မော်တော်ယာဉ်တွေ စက်ချွတ်ယွင်းသွားရင် ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းကြောင်းပြတ်တောက်မှုတွေနဲ့ အခက်အခဲဖြစ်ခဲ့ရပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်။ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ကိုယ်ပိုင်စွမ်းပကားတို့ဖြင့် အခြေခံကျသည့် လမ်း၊ တံတားများကို ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ရလဒ်ကောင်းများကို ယနေ့ ပြည်သူများကိုယ်တိုင် လက်တွေ့ ခံစားခွင့်ရရှိနေကြပြီဖြစ်။

ဝမ်းသာပျော်ရွှင်

"နိုင်ငံတော်က လူကြီးတွေကို တကယ်ကျေးဇူးတင်မိပါတယ်။ ကျွန်တော်တို့ ရွာသားတွေ အားလုံး ပြောမပြတတ်အောင် ဝမ်းသာ ပျော်ရွှင်နေကြပါတယ်"

ဦးအေးကျော်
ရေလုပ်သား
သန်လျင်မြို့နယ်

မေး။ ။ ဒီတံတားကြီးကို ဆောက်ခဲ့စဉ်က မြေစမ်းတာ၊ မြေတိုင်းတာ၊ လမ်းကြောင်းရှာတာ တော်တော်ကြာခဲ့တယ်လို့ သိရပါတယ်။ ဟုတ်ပါသလား။

"ကျွန်မတို့ဒေသက လူငယ်တွေ ပညာတတ်တွေဖြစ်လာမှာကို တွေးမိပြီး ဝမ်းသာမဆုံးဖြစ်မိပါတယ်"

ဒေါ်နုရီ
ကျောင်းဆရာမ
သန်လျင်မြို့နယ်

ဖြေ။ ။ ဟုတ်ပါတယ်။ ပဲခူးမြစ်က မြစ်ကျဉ်းဖြစ်တော့ ရေကို ညှစ်ထားသလို ဖြစ်နေတယ်။ အဲဒီတော့ ရေစီးကြမ်းပြီး ဝဲဂယက်တွေ ဖြစ်လာတယ်။ ဖောင်ဒေးရှင်း ပိုင်ရိုက်ရတာ ခက်ခက်ခဲခဲလုပ်ခဲ့ရတယ်။ ဒဂုံတံတားက R.C.D ဘိုးပိုင်ရိုက်ပြီးတော့ တည်ဆောက်တဲ့ စနစ်ပါ။

မေး။ ။ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က အိပ်မက်တံတားကြီးလို့ တင်စားခေါ်ဝေါ်ရတဲ့ မော်လမြိုင်တံတားကြီးကို တည်ဆောက်ခဲ့သူဖြစ်လေတော့ မော်လမြိုင်တံတားနဲ့ ဒဂုံတံတား ကွာခြားမှုကို သိပါရစေ။

ဖြေ။ ။ တံတားနှစ်ခု နည်းပညာနှစ်ခု ဖြစ်ပါတယ်။ နည်းပညာချင်း ကွာခြားပါတယ်။ မော်လမြိုင်တံတားကို တည်ဆောက်ရာမှာ ရေလယ်ကောင်က ပင်မတိုင်တွေကို တွင်းတူးပြီး ကွန်ကရစ်လောင်းရတယ်။ ရေတွေကို စုပ်ထုတ်ရတယ်။ မြေကြီးတွေကို စုပ်ထုတ်ရတယ်။ တော်တော်လုပ်ရတာ။ အောက်က ကျောက်ဖျာပေါ်တဲ့အထိ တွင်းတူးရတယ်။ ငလျင်ဒဏ်ခံနိုင်အောင်လည်း လုပ်ရတယ်။ သံလွင်မြစ်က သိတဲ့ အတိုင်း ရေစီးကြမ်းတော့ ပိုခက်ခဲတာပေါ့။ ဒဂုံ တံတားကတော့ သံကူကွန်ကရစ် တံတားများစွာထဲမှာ ခန်းဖွင့်အကျယ်ဆုံး ပေ ၁၆၀ ရရှိအောင် ရေလယ်တိုင်ကို

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ငွေကြေးနဲ့ လိုအပ်တဲ့ ပစ္စည်းကို နိုင်ငံတော်က ပံ့ပိုးပါတယ်။ နည်းပညာနဲ့ တီထွင်မှုကို မြန်မာအင်ဂျင်နီယာများက တာဝန်ယူခဲ့ရတာပါ။ ဒီတံတားကြီးကို တည်ဆောက်ဖြစ်တာဟာ နိုင်ငံတော် အကြီးအကဲရဲ့ အမြော်အမြင်ကြီးမှုနဲ့ လမ်းညွှန်ပံ့ပိုးမှုတွေကြောင့်ပဲဖြစ်ပါတယ်။

● **စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

သံကူကွန်ကရစ် အစွန်းထွက် ရက်မလို့ခေါ်တဲ့ (Cantilever) ဖြင့် တည်ဆောက်ပေးခဲ့ရတယ်။ အဲဒီ ရေလယ်တိုင် ၁၉တိုင်ကို မြေဝင် ၁၀၅ ပေရှိတဲ့ R.C.Dပိုင် ၃၉၈ လုံး သုံးခဲ့ရတယ်။ ပေ ၁၁၀ ရှည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မအချောင်း၁၂၀လည်း ထည့်ခဲ့ရပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာရှိတဲ့ သံကူကွန်ကရစ်တံတားတွေထဲမှာ ဒဂုံတံတားက အကြီးဆုံးလို့ သတ်မှတ်လို့ရပါသလား။

ဖြေ။ ။ ဟုတ်ကဲ့။ ဒဂုံတံတားဟာ သံကူကွန်ကရစ်တံတားတွေထဲမှာ ပထမဦးဆုံး အကြီးဆုံးတံတားပါ။ ယာဉ်တစ်စီးချင်းရဲ့ ခံနိုင်ရည် ၇၅ တန် ခြောက်လမ်းသွားတံတား ဖြစ်ပါတယ်။ ဥပမာ- ၇၅ တန် ခံနိုင်ရည်ချင်းအတူတူ ပုသိမ်ကြိုးတံတား ရှိပါတယ်။ အမျိုးအစားချင်း မတူပါဘူး။

မေး။ ။ ဒဂုံတံတားရဲ့ ပုံစံက မြန်မာအင်ဂျင်နီယာတွေဆွဲတဲ့ ဒီဇိုင်းပုံစံလို့ သိရပါတယ်။ မှန်ပါသလား။

ဖြေ။ ။ ဒဂုံတံတားရဲ့ နည်းပညာနဲ့ ပုံစံထုတ်လုပ်မှု၊ ဒီဇိုင်းရေးဆွဲမှုဆိုင်ရာများကို မြန်မာအင်ဂျင်နီယာတွေကပဲ တာဝန်ယူပါတယ်။ ပြည်ပ ပညာရှင်များရဲ့ ကြီးကြပ်မှုတို့၊အကူအညီတို့၊ ငွေကြေးတို့ လုံးဝပါဝင်ပတ်သက်ခြင်းမရှိပါဘူး။ ပုံစံထုတ်တာနဲ့ တံတားတည်ဆောက်မှု အဆင့်ဆင့်တွေဟာ မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းပကားများသာ ဖြစ်ပါတယ်။

ပဲခူးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဒဂုံတံတားသစ်ကြီးကို ဝေဟင်မှ တွေ့ရစဉ်။

မေး။ ။ ဒါဆို မြန်မာအင်ဂျင်နီယာများအတွက် ဒဂုံတံတားကြီးဟာ တကယ့်ကို သမိုင်းဝင် ဂုဏ်ယူစရာတစ်ခုလို့ ဆိုရမှာပေါ့။

ဖြေ။ ။ ဟုတ်ပါတယ်။ **ငွေကြေးနဲ့လိုအပ်တဲ့ ပစ္စည်းကို နိုင်ငံတော်က ပံ့ပိုးပါတယ်။ နည်းပညာနဲ့ တီထွင်မှုကို မြန်မာအင်ဂျင်နီယာများက တာဝန်ယူခဲ့ရတာပါ။ ဒီတံတားကြီးကိုတည်ဆောက်ဖြစ်တာဟာ နိုင်ငံတော်အကြီးအကဲရဲ့အမြော်အမြင်ကြီးမှုနဲ့ လမ်းညွှန်ပံ့ပိုးမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။**

မေး။ ။ ဒီဒဂုံတံတားကြီးကို သတ်မှတ်ရက်အတွင်းပြီးအောင် လူအင်အား ဘယ်လောက်သုံးခဲ့ရပါသလဲ။

ဖြေ။ ။ ပညာရှင်များအပါအဝင် အင်ဂျင်နီယာအင်အား ၁၀၀ ကျော်၊ အခြေစိုက်ရုံးဝန်ထမ်း ၅၀ ကျော်၊ နေ့ဆိုင်း၊ ညဆိုင်း လုပ်သား ၁၀၀၀ ကျော်တို့ရဲ့ အကူအညီနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ထို့နောက် ဒဂုံတံတားအနီးရှိ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာမှ ရေလုပ်ငန်း လုပ်ကိုင်သူ အသက် (၅၀) အရွယ်ရှိ ဦးအေးကျော်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ဦးအေးကျော်က ဒီရွာမှာ မွေးတာလား၊ ဒီတံတားနဲ့ ပတ်သက်လို့ ဘယ်လိုခံစားမှု ရှိပါသလဲ။

ဖြေ။ ။ ဟုတ်ကဲ့။ ကုလားဝဲရွာသားပါ၊ (၁၈) နှစ်သားကစပြီး ရေလုပ်ငန်းကို လုပ်ခဲ့ပါတယ်။ ရေထွက်ပစ္စည်းတွေကို ရေတက်၊ ရေကျကြည့်ပြီး လှေနဲ့သမ္ဗန်အသုံးပြုပြီး ရန်ကုန်ကို တင်ပို့ခဲ့ပါတယ်။ ရန်ကုန်မြို့ကို သန်လျင်ဘက်က လှမ်းကြည့်ရင် မြင်ရပေမယ့် လွယ်လွယ်နဲ့မရောက်နိုင်ခဲ့ဘူး။ အခု ဒဂုံတံတားကြီးကို နိုင်ငံတော်က တည်ဆောက်ပေးလိုက်တော့ ရန်ကုန်မြို့ကို အလွယ်တကူသွားလို့ရပြီ။ အချိန်တိုတိုနဲ့ ရောက်နိုင်ပြီ။ ကျွန်တော့်ရေထွက်ပစ္စည်း ဈေးကွက်လဲရပြီ။ ဒီလို အခွင့်အရေးမျိုးအရင်က အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူးဗျာ။ နိုင်ငံတော်ကလူကြီးတွေကို တကယ်ကျေးဇူးတင်မိပါတယ်။ ကျွန်တော်တို့ ရွာသားတွေအားလုံး ပြောမပြတတ်အောင် ဝမ်းသာပျော်ရွှင်နေကြပါတယ်။

ဆက်လက်၍ ကုလားဝဲကျေးရွာမှ အသက် (၄၉) နှစ်အရွယ်ရှိ အလယ်တန်းပြဆရာမဒေါ်နုရီအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ဆရာမဒေါ်နုရီခင်ဗျာ။ ဒဂုံတံတားကြီး တည်ဆောက်လိုက်တဲ့အတွက် ဆရာမတို့ရွာမှာ ဘယ်လိုအကျိုးခံစားမှုတွေ ရရှိနိုင်ပါသလဲ။

ဖြေ။ ။ ဒဂုံတံတားကြီးဆောက်လုပ်ပေးတဲ့အတွက် ကျွန်မတို့သန်လျင်ဘက်ခြမ်းက သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမှာရှိတဲ့ ပြည်သူတွေ လူမှုရေးအဆင့်အတန်း၊ ပညာရေးအဆင့်အတန်း၊ ကျန်းမာရေးအဆင့်အတန်း၊ စီးပွားရေးအဆင့်အတန်းတွေ ပိုမိုတိုးတက်လာမှာ သေချာပါတယ်။ ဒဂုံတံတားကြီး တည်ဆောက်ပေးတဲ့အတွက် ကျေးလက်နဲ့မြို့ပြကွာဟမှုနည်းအောင် လုပ်ပေးမယ်ဆိုတဲ့ နိုင်ငံတော်အစိုးရရဲ့ရည်ရွယ်ချက်ကို လက်တွေ့ခံစားကြရပါပြီ။ တစ်ချိန်က ကလေးတွေ ဘွဲ့ရဖို့ ခက်ခဲခဲ့ပါတယ်။ အခုတော့ ဒဂုံတံတားကြီးကြောင့် ရန်ကုန်မြို့ကြီးကို ခေါက်တုံ့ခေါက်ပြန် အလွယ်တကူသွားလာနိုင်ပြီဖြစ်လို့ ရှေ့အနာဂတ်မှာ ကျွန်မတို့ဒေသက လူငယ်တွေ ပညာတတ်တွေဖြစ်လာမှာကိုတွေးမိပြီး ဝမ်းသာမဆုံးဖြစ်မိပါတယ်။

နိုင်ငံတော်၏ မွန်မြတ်သော စေတနာ၊ ကြီးမားသောတန်ဖိုးနှင့် မြန်မာအင်ဂျင်နီယာများ၏ စွမ်းဆောင်မှုများဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သော ဒဂုံတံတားကြီးအတွက် ပြည်သူအားလုံး ဂုဏ်ယူလျက်၊ ဝမ်းမြောက်လျက်၊ ကျေနပ်ပျော်ရွှင်လျက်။ ။

ဒဂုံတံတားရဲ့ နည်းပညာနဲ့ ပုံစံထုတ်လုပ်မှု၊ ဒီဇိုင်းရေးဆွဲမှုဆိုင်ရာများကို မြန်မာအင်ဂျင်နီယာတွေကပဲ တာဝန်ယူပါတယ်။ ပြည်ပ ပညာရှင်များရဲ့ ကြီးကြပ်မှုတို့၊ အကူအညီတို့၊ ငွေကြေးတို့ လုံးဝပါဝင်ပတ်သက်ခြင်း မရှိပါဘူး။ ပုံစံထုတ်တာနဲ့ တံတားတည်ဆောက်မှု အဆင့်ဆင့်တွေဟာ မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းပကားများသာဖြစ်ပါတယ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၀၇ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မွေ့ရာပေါ်သိပ် ဆူးပေါ်အိပ်"တရားတော် (အရှင်ပဏ္ဍိတ)(မဏိရတနာဆရာတော်)
၇း၅၅-၁း၅၅	Soccer Update
၈း၁၀-၂း၁၀	စက်မှု(၁)၏စွမ်းပကားကျန်းမာရေးအတွက်အလေးထား (ပြင်ဦးလွင်ဆေးဝါးစက်ရုံ)
၈း၃၀-၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅-၂း၃၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၈း၅၅-၂း၅၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ(ယုဝတီခင်စိန်လှိုင်)
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ရိုက်ကွင်းပေါ်မှ လှုပ်ရှားမှုပုံရိပ်များ
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ(လိင်ဆက်ဆံခြင်းဖြင့် ကူးစက်တတ်သောရောဂါများနှင့် ပတ်သက်သည့်ကျန်းမာရေး ပြဿနာများ)(အပိုင်း-၃)(ဩည့်သည်တော်ဒါရိုက်တာသက်တင်)
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	အမြဲတမ်းကုသိုလ်ရစေလို
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	မြန်မာ့ခြင်းလုံး
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၁၂း၀၀-၆း၀၀	ရိုးရာဆေးပညာမှ လူထုကျန်းမာရေးစောင့်ရှောက်မှုသို့
၁၂း၁၅-၆း၁၅	Road To SEA Games (အလေးမ)
၁၂း၄၅-၆း၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ မကွေးတိုင်း၊ ရောဝတီတိုင်းနှင့် ကချင်ပြည်နယ်တို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၈

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် မကွေးတိုင်း စေတုတ္တရာမြို့၊ ရေစကြိုမြို့၊ ရောဝတီတိုင်း ညောင်တုန်းမြို့၊ ဘိုကလေးမြို့၊ ဝါးခယ်မမြို့၊ လပွတ္တာမြို့၊ ဟသ်ာတမြို့၊ ကချင်ပြည်နယ် ဖားကန့်မြို့နှင့် ကာမိုင်းမြို့တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၂၅ ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

မကွေးတိုင်း စေတုတ္တရာမြို့၌ ပြည်သူအင်အား ၅၅၀၀ ကျော်နှင့် ရေစကြိုမြို့၌ ပြည်သူအင်အား ၁၂၅၀၀ ကျော်တို့သည် အောက်တိုဘာ ၂၅ ရက်တွင် သက်ဆိုင်ရာ မြို့များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပေးရေး စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ တည်ငြိမ်မှုကို မဖျက်ဆီးပါနှင့်၊ အေးချမ်းမှုကို မဖျက်ဆီးပါနှင့် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူ ရောဝတီတိုင်း ညောင်တုန်းမြို့၌ ပြည်သူအင်အား ၃၀၀၀၀ ခန့်၊ ဘိုကလေးမြို့၌ ပြည်သူအင်အား ၂၅၀၀၀ ကျော်၊ ဝါးခယ်မမြို့၌ ပြည်သူအင်အား ၅၀၀၀၀ ခန့်၊ လပွတ္တာမြို့၌ ပြည်သူအင်အား ၃၅၀၀၀ ခန့်နှင့် ဟသ်ာတမြို့၌ ပြည်သူအင်အား ၃၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၅ ရက်တွင် သက်ဆိုင်ရာ မြို့နယ်များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇) ရပ်အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ကြိုဆိုသည်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကချင်ပြည်နယ် ဖားကန့်မြို့၌ ပြည်သူအင်အား ၃၅၀၀၀ ကျော်နှင့် ကာမိုင်းမြို့၌ ပြည်သူအင်အား ၆၅၀၀ ခန့်တို့သည် အောက်တိုဘာ ၂၅ ရက်တွင် သက်ဆိုင်ရာ မြို့များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ အမေရိကန်၏ စီးပွားရေး ပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး စေတုတ္တရာမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ရေစကြိုမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဖားကန့်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)



အရုဏ်ဆွမ်းလောင်းလှူ

ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၃၀၀၀ ကျော်တို့အား ဝါတွင်းသုံးလတိုင်တိုင် ရွှေမုဋ္ဌောဘုရားရှေ့ ဒေါ်လှယဉ်ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်းမှ အရုဏ်ဆွမ်း လောင်းလှူလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်တွင် ပုသိမ်မြို့ မရမ်းချိုလမ်းနေ ဦးသန်းဦး-ဒေါ်စိုးစိုးရီ၊ သမီး မဆုရတနာ (ခိုင်ရွှေစင် သောက်ရေသန့် မိသားစု)က စတုတ္ထအကြိမ်မြောက် အရုဏ်ဆွမ်း လောင်းလှူကြစဉ်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ရန်ကုန်မြို့ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းနေ ဦးအုန်းဖေ-ဒေါ်တင်အေးမြင့်တို့၏သမီး မတင်သီရိ အုန်း Grade (10-B) အထက(၂)လသာက (၁၄)နှစ်ပြည့် မွေးနေ့အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။

(က-ပ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း

ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၂၆ရက် ညပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် မဟာသကျသီဟဘုရားပရိဝုဏ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဆီမီး ၉၀၀၀ထွန်းညှိပူဇော်ပွဲသို့ တက်ရောက်ပြီး ရန်အောင်မြင်ဘုရားအား ဖူးမြော်ကြည်ညိုကာ ဆီမီး၊ အမွှေးတိုင်များဖြင့် ထွန်းညှိပူဇော်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် အသင်းဝင်များသည် မဟာသကျသီဟဘုရားကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ရေဆန်မတ်တော်မူ မြတ်စွာဘုရားနှင့် မဟာသကျသီဟဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရားသို့ ရောက်ရှိပြီး ဆီမီး၊ အမွှေးတိုင်များဖြင့် ဆက်ကပ်လှူဒါန်း ထွန်းညှိပူဇော်ကြကာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိပြီး မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းစားကျောင်းဆောင် တိုးချဲ့အဆောက်အအုံ တည်ဆောက်နေမှုနှင့် ဆေးခန်း တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးကာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် အသင်းဝင်များသည် မတ္တရာတိုက် တိပိဋကသန္တာဝါသကျောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) အား ဖူးမြော်ကြည်ညိုပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စာအုပ်များနှင့် ဆပ်ပြာအမျိုးမျိုးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် အောင်မြေသာစံမြို့နယ်ရှိ မှန်ကင်း ပဋ္ဌာနတာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး မှန်ကင်းရိပ်သာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓနှင့် သံဃာတော် အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီမိသားစုတို့အား အမှူးထား၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က မှန်ကင်း ပဋ္ဌာနတာရုံကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်အိတ် ၅၀နှင့် ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာများ ဆက်ကပ်လှူဒါန်းသည်။

တွေ့ဆုံမှာကြား

ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ်များမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မာဃဓီ-သာစည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက် ကြေးတိုင်စု(၂)လမ်းရှိ မာဃဓီ-သာစည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက အနန္တငါးပါးကို ထိခြင်းငါးပါးဖြင့် ဆရာများအား ကန်တော့ကြသည်။**(အပေါ်ပုံ)**

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စာကြည့်တိုက်မှူး၊ သာသနာရေးဝန်ကြီးဌာန အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနည်းပြ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာသာမိ(မာဃဓီ-သာစည်) ဦးဆောင်တည်ထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပညာဒါန ထောက်ပံ့လှူဒါန်းလိုသူများသည် အဆိုပါကျောင်းတိုက်သို့လည်းကောင်း ဖုန်း-၀၁-၆၅၃၅၄၃ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်မှုလုပ်ငန်းများအတွက် အောက်တိုဘာ ၂၅ရက်က မိခင်ကြီး ဒေါ်မြင့်မြင့်စိန်အား အမှူးထား၍ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဖခင်ကြီး ဦးနီ၊ ဖခင်ကြီး ဦးငြိမ်းမောင်၊ မိခင်ကြီး ဒေါ်တင်တင်၊ ညီ/မောင် ဗိုလ်ကြီး ကျော်ကျော်တို့အားရည်စူး၍ အလှူရှင် မော်လမြိုင်မြို့ တောင်ဝိုင်းလမ်း အမှတ်(၁) အရာရှိရိပ်သာနေ ဗိုလ်ကြီးစိုးပိုင်(ငြိမ်း)-ဒေါ်ခင်မမနိုင်(ဟိုတယ်နှင့် ခရီးသွားလာရေး) မိသားစုက ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဒုတိယဉက္ကဋ္ဌ ဦးကိုမင်း လက်ခံယူစဉ်။ (၃၀၇)

ဖြူးမြို့ မဟာစည်ရိပ်သာ အထူးတရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဦးစီးကျင်းပသော(၃၁)ကြိမ်မြောက် ဝါတွင်းသုံးလ တရားစခန်းအောင်ပွဲနှင့် စုပေါင်းမဟာဘုံကထိန်အလှူတော် အထူးတရားပွဲများကို ဒေါ်ဖိတင်း၏ (၇၂)နှစ်ပြည့်မွေးနေ့ မင်္ဂလာမိသားစု မြို့မနာရီစတိုးနှင့် ရတနာရွှေဆိုင်၊ ဖြူးမြို့တို့မှ တရားပွဲမတည်၍ အောက်တိုဘာ ၂၉ရက် (တနင်္လာနေ့)တွင် တောင်သာ အရှင်နန္ဒိယ၊ အောက်တိုဘာ ၃၀ရက်တွင် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ စစ်ကိုင်းရွှေဟင်္သာ၊ အောက်တိုဘာ ၃၁ရက်တွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ(၁၁)ဘွဲ့ရ ကျိုက်ထိုဆရာတော်၊ နိုဝင်ဘာ ၁ရက်တွင် ဓမ္မဘေရီ အရှင်ဝီရိယ၊ တောင်စွန်း၊ နိုဝင်ဘာ ၂ရက်တွင် မေတ္တာရှင် အရှင်ဇဝန ရွှေပြည်သာ၊ နိုဝင်ဘာ ၃ရက်တွင် ဘဒ္ဒန္တနရပတိ ဖြူးဆရာတော် အရှင်သူမြတ်တို့က ဖြူးမြို့မဟာစည်ရိပ်သာ မဟာသတိပဋ္ဌာန် ဓမ္မဗိမာန်တော်မြတ်၌ ညစဉ် ၇နာရီတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရွှေစင်ရွှေပြားလှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရန်ကုန်မြို့အရှေ့ပိုင်း ပါရမီရှင်များနှင့်ဓမ္မမိတ်ဆွေများ၏ ရွှေစင်ရွှေပြား ၁၃ချပ် ၃၉ကျပ်သား ရေစက်ချလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရဟန္တာသိမ်တော်ကြီး၌ ကျင်းပသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက် ဆရာတော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်မြို့ အရှေ့ပိုင်း ပါရမီရှင်များနှင့် ဓမ္မမိတ်ဆွေများအဖွဲ့ ခေါင်းဆောင် ဦးစိုးဝင်းက အလေးချိန် ၃၉ကျပ်သားရှိ ရွှေစင်ရွှေပြား ၁၃ချပ်ကို ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရေစက်ချလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ရွှေစင်ရွှေပြား ၁၃ချပ်ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလုပ်အကျွေးကျ သဘာပတိ (ဂေါပကအဖွဲ့ဝင်) ဦးစိန်ဝင်းအောင်နှင့် ဂေါပကအဖွဲ့ဝင် ဦးဇော်မင်းတို့က လက်ခံကြသည်။

ရွှေစင်ရွှေပြားများလှူဒါန်း

ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူရှင်များ ရွှေစင်ရွှေပြားများ လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရွှေတိဂုံစေတီတော် ရဟန္တာသိမ်တော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ရန်ကုန်မြို့ အရှေ့ပိုင်း ပါရမီရှင်များနှင့် ဓမ္မမိတ်ဆွေများက လှူဒါန်းသည့် ငွေကျပ် ၁၈သိန်းကို အဖွဲ့ခေါင်းဆောင် ဦးစိုးဝင်းကပေးအပ်လှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံတပ်မှူး ဗိုလ်မှူးကြီးထွန်းထွန်းက လက်ခံသည်။

ဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များအား အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဂီဦးကျောင်း ဆရာတော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒော ဘာသထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် HORIZON Int'L Education Center တို့ ပူးပေါင်းကျင်းပသည့် HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂နာရီက ကျိုက္ကဆံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် Shadows အသင်းက Last Vampire အသင်းကို (၅၀-၄၀)မှတ်ဖြင့်လည်းကောင်း၊ GB အသင်းက Project-X အသင်းကို (၇၉-၂၅)မှတ်ဖြင့်လည်းကောင်း၊ The Gyuts အသင်းက MOM အသင်းကို (၈၅-၄၂)မှတ်ဖြင့်လည်းကောင်း၊ Blue Boy အသင်းက Rabbit Boy အသင်းကို (၆၈-၃၀)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် Precious အသင်းက Ballababies အသင်းကို (၂၈-၁၂)မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

အမျိုးသား အုပ်စု(က)တွင် Blue Boy အသင်းက(၁၀)မှတ်၊ GB အသင်းက(၉)မှတ်၊ The Gyuts အသင်းက(၇)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားအုပ်စု(ခ)တွင် Filipino အသင်းက(၇)မှတ်၊ Red Star အသင်းက(၇)မှတ်၊ C.C.Y အသင်းက(၇)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် Precious အသင်းက(၅)မှတ်၊ SKY အသင်းက(၄)မှတ်၊ Kandawglay အသင်းက(၂)မှတ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်လျက်ရှိကြသည်။

ပြိုင်ပွဲများကို နိုဝင်ဘာ ၃ရက်နှင့် ၄ရက်တို့တွင် မွန်းတည့်၁၂နာရီ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ယှဉ်ပြိုင်

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား ပွဲစဉ်တွင် The Gyuts အသင်းနှင့် MOM အသင်းတို့ ဘောလုံးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၈၀)နေ
ဦးထွန်းဝင်း-ဒေါ်အေးအေးမြင့်
(ရွှေပိတောက်-ဆန်/ဆီ ကုန်စုံဆိုင်)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးရဲဝင်းသိန်း
B.A (D.S.A), M.A (Myanmar)
နှင့်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၆၁)နေ
ဒေါက်တာဦးဟန်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ မွေး/ကုဦးစီးဌာန/ငြိမ်း)-
ဒေါ်ကြည်ကြည်ခိုင်တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာမီမီခိုင်
M.B, B.S(Ygn)

လက်ထောက်ဆရာဝန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်

တို့၏ ၂၇-၁၀-၂၀၀၇နေ့တွင် Traders Hotel ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ မင်္ဂလာသြဝါဒစကား ပြောကြားပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး တေးသီဆိုပေးသော ဟေမာနေဝင်းနှင့် မြားနတ်မောင်တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်နွယ်စိုး၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော Akai အဖွဲ့၊ မင်္ဂလာအခမ်းအနားပန်းအလှပြင် နီနီပွင့်၊ ဆံပင်နှင့် မိတ်ကပ်အလှပြင် ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံ နီလာဝင်း(ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာပန်း ဗန်းကိုင်ဆောင်သူ ဒေါက်တာသင်းသင်းဟန်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မချစ်ဆုဝေ၊ သတို့သားအရံ ဗိုလ်ကြီးသန့်ဟိန်းစိုးနှင့် ဗိုလ်ကြီးအောင်ဆွေသိန်း၊ သတို့သမီးအရံ ဒေါက်တာငြိမ်းငြိမ်းစိုး၊ ဒေါက်တာအစဉ်ချောတို့နှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရဲဝင်းသိန်း-Dr. မီမီခိုင်

မွေးနေ့ဆုတောင်း

၂၉-၁၀-၂၀၀၇ ရက်တွင် ကျရောက်သော **ဒေါ်ကြူကြူ**၏ (၅၇)နှစ်မြောက် မွေးနေ့မင်္ဂလာ ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာ တိုင်အောင် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး သာယာချမ်းမြေ့သော ဘဝလမ်းခရီးအား မိသားစုနှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း – ဦးမျိုးထွန်း
ချစ်သမီး – Dr. ခင်ဇော်၊ Dr.ခင်ပပမျိုး
ချစ်သား – ကျော်ဇေယျာမျိုး၊ သူဇာမြင့်ထွန်း
ချစ်မြေး – ယွန်းဝတီမျိုး

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

၂၉-၁၀-၂၀၀၇ ရက်တွင် ကျရောက်သော **မေမေကြူ**၏ (၅၇)နှစ်မြောက် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒ မှန်သမျှ ပြည့်ဝပြီး မိသားစု စုံညီစွာဖြင့် ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို သက်ဆုံးတိုင်ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

မျိုးသက်စံထရေးဒင်းကုမ္ပဏီလီမိတက်
မှ
Managing Director, Director, Manager **များနှင့်**
ကုမ္ပဏီဝန်ထမ်းမိသားစုများ

ရုံးခန်းနေရာရွှေ့ပြောင်းခြင်း

တူဒေးစာနယ်ဇင်းထုတ်ဝေရေးလီမိတက် ရုံးခန်းကို ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (တနင်္လာနေ့) မှစတင်ပြီး အောက်ပါလိပ်စာအသစ်သို့ ပြောင်းရွှေ့ပြီး ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အမှတ် H ၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြင့်မိုရ်ကန်လမ်း၊ လှိုင်မြို့နယ်၊ရန်ကုန်။
ဖုန်း - ၅၀၇၃၉၁၊၅၀၇၃၉၂၊၅၀၇၃၈၅၊ ဖက်စ် - ၅၀၇၃၉၀
Email : today@today.com.mm, executive@todaygroup.com.mm

ယနေ့ မိုးလေဝသ

(၂၉-၁၀-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

Glory Hope Education Centre

Pratical A+
Computer တစ်လုံးတွင်ဖြစ်ပေါ်တတ်သော Problem များကို ဖြေရှင်းနိုင်ရန်နှင့်သင်တန်းပြီးဆုံးပါက ကိုယ်တိုင်တပ်ဆင် Maintain ပြုလုပ်နိုင်သည်အထိလက်တွေ့ ဦးစားပေး သင်ကြားပေးမည်ဖြစ်သည်။

Network +
Hardware အခြေခံမှစ၍ Local Area Network တစ်ခုကိုယ်တိုင်လက်တွေ့ တည်ဆောက်နိုင်သည်အထိ Theory နှင့် Pratical များဖြင့် အခြေခံမှစ၍ကျွမ်းကျင်သည်အထိဝါရင့်ဆရာများမှ စာတွေ့ လက်တွေ့ သင်ကြားပေးပါမည်။

ချမ်းသာပလာဇာ-အထက်ပုဇွန်တောင်လမ်း(ပုဇွန်တောင်ဈေးနှင့်စာတိုက်ကြား)
PH : ၂၀၀၀၈၆၊ ၂၀၃၄၃၆၊ ၂၀၃၄၀၅၊ Ext: ၂၂၁၄၊ ၂၂၀၆၊ ၂၂၀၇။

INTERNATIONAL AIRTICKET RESERVATION & TICKETING SERVICE COURSE

အပြည်ပြည်ဆိုင်ရာလေယာဉ်လက်မှတ်ဝန်ဆောင်မှုသင်တန်း

လေကြောင်းလိုင်းများ လေယာဉ်လက်မှတ်အရောင်းဌာနများ ခရီးသွားလုပ်ငန်းများ သဘော်သားအေဂျင်စီများ အပြည်ပြည်ဆိုင်ရာ လေယာဉ်လက်မှတ်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်လိုသူများ နှင့် IATA စာမေးပွဲအတွက် အထောက်အကူပြုသင်တန်းဖြစ်ပါသည်။

နိုဝင်ဘာ(၃)ရက်စမည်။ Sat & Sun (3 to 5) P.M (၂)လသင်တန်း
နိုဝင်ဘာ(၅)ရက်စမည်။ Mon to Fri (7 to 8:30) A.M (၁)လခွဲသင်တန်း

ATEC ASIA TRAINING & EDUCATION CENTER
အမှတ်-၅/၁၁၊ ဒုတိယထပ်၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။ Ph : 386803

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်သင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်အငြိမ်းစားများဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းကာလပြီးလျှင် နိုင်ငံခြားဆေးပစ္စည်းဆိုင် ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး အဘက်ဘက်မှ ကူညီမည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရေး ကူညီမည်။ အသုံးပြု၍ရသော သင်တန်းဆင်းလက်မှတ်ပေးမည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ နယ်မှ သင်တန်းသား/သူများအတွက် ဘော်ဒါဆောင်ရှိသည်။ ကြိုတင်စာရင်းသွင်းပါ။

နှစ်ပတ်လည် အထူးအစီအစဉ် 40 % Discount

နှစ်ပတ်အပြီး (ဝွတ်ရှယ်) အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၂၂၉) ၇-၁၁-၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် (၁၆) ဦး
09:00 AM to 4:30 PM(12:30 to 1:30 Break Time)

တစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၂၂၇) ၅-၁၁-၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် (၁၆) ဦး
အပတ်စဉ်(၂၃၁) ၉-၁၁-၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် (၁၆) ဦး
(I) 08:00 to 11:30 AM (II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

နှစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၂၂၈) ၆-၁၁-၂၀၀၇ စမည်။
အင်္ဂါနှင့် ဗုဒ္ဓဟူး နှစ်ရက်တည်းသာ။ (၁၆) ဦး
အပတ်စဉ်(၂၃၀) ၈-၁၁-၂၀၀၇ စမည်။
ကြာသပတေးနှင့် သောကြာ နှစ်ရက်တည်းသာ။ (၁၆) ဦး
အပတ်စဉ်(၂၃၂) ၁၀-၁၁-၂၀၀၇စမည်။စနေ၊တနင်္ဂနွေ နှစ်ရက်တည်းသာ။ (၁၆) ဦး
(I) 08:00 to 11:30 AM (II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

သုံးလပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၂၃၃) ၁၀-၁၁-၂၀၀၇ စမည်။
စနေနေ့ တစ်ရက်တည်းသာ။ (၁၆) ဦး
အပတ်စဉ်(၂၃၄) ၁၁-၁၁-၂၀၀၇ စမည်။
တနင်္ဂနွေနေ့ တစ်ရက်တည်းသာ။ (၁၆) ဦး
(I) 08:00 to 12:30 PM (II) 12:30 to 05:00 PM

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဝိုးရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်မှ နှစ်လမ်းကျော်။

ဖုန်း-၀၉ ၅၁ ၇၅၂၈၅၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃
(am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)စည်းရုံးရေး ကော်မတီက မြောင်းမြမြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့ရှိ အသက်(၇၅) နှစ်အထက် သက်ကြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက်က မြောင်းမြမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးတွင်ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(ငြိမ်း)က ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (က-ပ)

The VOICE Weekly

၂၀၀၇ ခုနှစ်၊ အောက်တိုဘာ (၂၉) ရက်၊ တနင်္လာနေ့၊ အတွဲ(၄)၊ အမှတ်(၂)

- ကုလထိပ်တန်းလူ့အခွင့်အရေးအရာရှိ မြန်မာသို့ လာရန်ရှိ၊
- (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ နိုဝင်ဘာ ၁၈ ရက်နေ့ ကျင်းပမည်၊
- လတ်တလောစီးပွားရေးကြောင့် အပြောင်းအလဲလုပ်မည့် အိမ်ရာစီမံကိန်း အကျိုးအမြတ်ခွဲဝေစနစ်၊
- ရထားပို့ဆောင်ရေးတစ်ခေတ်ပြောင်းရန် လမ်းတစ်လျှောက် ဖန်ကြိုးမျှင်ကွန်ရက်ဆင်မည့်အစီအစဉ်၊
- စျေးများစွာလျှော့ရောင်းသော ပွဲစားတန်းမှကားများ၊
- MBA Online မှ ပြည်တွင်းတွင် ယူနိုင်ပြီ၊
- လိုင်စင်မဲ့ဆန်စက်များအတွက် အခွင့်အလမ်းကောင်း၊
- အသက် ၆၀ကျော် နိုင်ငံကူးလက်မှတ်လျှောက်သူများ ပုံစံ ၁၉ ပြရန်လို၊
- သတိထားရမည့်ဆံပင်ဖြောင့်ဆိုင်အချို့၊
- ဒေါ်လာဈေးကျမည်ဟု IMF အကြီးအကဲဆို၊
- ပန်းစည်းများ၊ ဖုံးများနှင့် ဘူတို၏အပြန်လမ်း

ထွက်ပြီ

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃) အမှတ်(၄၁) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ "ဂီတလုလင်ဆရာ၊ မာန်သီချင်းနှင့် အကောင်းဆုံးသက်သေများ"နှင့်အတူ ဆက်သံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ၊ ပိတောက်မြေ ရေဒီယိုအသံလွှင့်အစီအစဉ်သစ် ရန်ကုန်နှင့် နယ်မြို့များတွင် နားဆင်ကြရ၊ လူနေရပ်ကွက်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို စက်မှုဇုန် နယ်မြေသစ်များဖော်၍ ပြောင်းရွှေ့ပေးရန်ရှိ၊ ကန်တော်ကြီးရေကို သောက်သုံးရေအဖြစ် အသုံးပြုနိုင်ရန် နည်းလမ်းရှာဖွေလျက်ရှိ၊ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့စစ်မြေပြင်မှပို့သောပို့စကတ် (၆၄)နှစ်ကြာမှ ပိုင်ရှင်ထံရောက်၊ သီလဝါ အထူးစီးပွားရေးဇုန်ကြောင့် မြန်မာအင်ဂျင်နီယာများ ရွှေခေတ်ရောက်လာတော့မည်ဟုဆို စသည့် ပြည်တွင်းရေးရာသတင်းများ၊ "ဝါကျွတ်လက်ဆောင်"၊ "မြန်မာလှည့်ခရီးသွား ဝါသနာရှင်များအတွက် ခရီးသွားရာသီ စတင်ပြီ" ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"လူငယ်တွေနဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ အာဆင်နယ်" အားကစားဆောင်းပါးနှင့်အတူ ဘောလ်တစ်ပင်လယ်ဖြတ် တံတားကြီး ဂျာမနီတွင်ဖွင့်လှစ်၊ နိုင်ဂျီးရီးယားတက္ကသိုလ်ကျောင်းသား အိမ်တွင်းဖြစ် ရဟတ်ယာဉ်တည်ဆောက်၊ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက် ကျန်းမာစွာရှိ၊ နိုင်ငံတကာ အာလူးနှစ်အဖြစ် ၂၀၀၈ခုနှစ်ကို ကုလသမဂ္ဂက သတ်မှတ်၊ လူ့ခန္ဓာစွန့်ပစ်ပစ္စည်းသည် ကမ္ဘာကိုကယ်တင်နိုင်ဟု အိန္ဒိယပညာရှင်ပြော၊ ကမ္ဘာ့ပထမဆုံးသော အသည်းကွဲဈေးပွဲတော် ဗီယင်နာမြို့၌ကျင်းပ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။(သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ်ဘဝသစ်

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့်–

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့်–

နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချော သွေးထိုးသူ)များ မယုံလေနဲ့ သတိထား